အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်ဟိဝဆလ္လမ်) သည်

မွတ်စ်လင်များထဲမှ ကျေးကျွန်ဖြစ်စေ၊ လွတ်လပ်သူဖြစ်စေ၊အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်‌စေ၊ ကလေးဖြစ်‌စေ၊

လူကြီးဖြစ်စေ အားလုံးအပေါ် စွန်ပလွံသီးတစ်စွာအ်

သို့မဟုတ် မုယောစပါး တစ်စွာအ် ဖိသ်ရဟ်ပေးဆောင်ရန်ဖရဿ်ွအဖြစ်သတ်မှတ်တော်မူခဲ့သည်။ ထို့ပြင် လူတို့

အီးဒ်ဆွလားသ်ဝတ်ပြုရန် မထွက်ခင်အလျင် ၎င်း (ဖိသ်ရဟ်) အားပေးဆောင်ကြရန် အမိန့်ပေးတော်မူခဲ့သည်။

အိဗ်နုအုမရ် (ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်ဟိဝဆလ္လမ်) သည် မွတ်စ်လင်များထဲမှ
ကျေးကျွန်ဖြစ်စေ၊ လွတ်လပ်သူဖြစ်စေ၊ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်‌စေ၊
ကလေးဖြစ်‌စေ၊ လူကြီးဖြစ်စေ အားလုံးအပေါ် စွန်ပလွံသီးတစ်စွာအ် သို့မဟုတ် မုယောစပါး
တစ်စွာအ် ဖိသ်ရဟ်ပေးဆောင်ရန် ဖရဿ်ွအဖြစ်သတ်မှတ်တော်မူခဲ့သည်။ ထို့ပြင် လူတို့
အီးဒ်ဆွလားသ်ဝတ်ပြုရန် မထွက်ခင်အလျင် ၎င်း (ဖိသ်ရဟ်) အားပေးဆောင်ကြရန်
အမိန့်ပေးတော်မူခဲ့သည်။ [صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် ရမဿွာန်လကုန်ဆုံးပြီးနောက်တွင်ဇကာသုလ်ဖိသွိရ်ကို ပေးဆောင်ရန် သတ်မှတ်ပြဌာန်းခဲ့သည်။ ၎င်း၏ ပမာဏမှာ တစ်ဆွာအ်ဖြစ်ပြီး ၎င်း၏ အလေးချိန်မှာ မွဒ်လေးခုနှင့် ညီမျှသည်။ "မွဒ်"ဆိုသည်မှာသာမန်လူတစ်ဦး၏ လက်နှစ်ဖက်အပြည့် ပမာဏကို ဆိုလိုပြီး၊ စွန်ပလွံသီး သို့မဟုတ်မုယောစပါးဖြင့် (ပေးဆောင်ရန် သတ်မှတ်ထားသည်။) မွတ်စ်လင်မ်တိုင်း၊ လွတ်လပ်သူဖြစ်စေ၊ကျွန်ဖြစ်စေ၊ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ၊ လူကြီးဖြစ်စေ၊ လူငယ်ဖြစ်စေ (ပေးဆောင်ရန် တာဝန်ရှိသည်)။ ဤတာဝန်သည် မိမိကိုယ်တိုင်နှင့်မိမိထိန်းသိမ်းစောင့်ရှောက်ရသူများအတွက် တစ်နေ့နှင့် တစ်ညတာ ရိက္ခာအပြင်ပိုလျှံမှုရှိသူတိုင်းအတွက် ဖြစ်သည်။ ထို့ပြင် လူတို့ အီးဒ်ဆွလားသ်ဝတ်ပြုရန်မထွက်ခင်အလျင်၎င်း (ဖိသ်ရဟ်)အားပေးဆောင်ကြရန်အမိန့်ပေးတော်မူခဲ့သည်။

http://www.sunnah.global/hadeeth/my/show/4520